ထိပ်တန်းလျှို့ဝှက်

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ် တို့၏ တွေ့ဆုံဆွေးနွေးချက်မှတ်တမ်း

| | | |
|---|---|---|
| နေ့ရက် | ၊ | ၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက် |
| အချိန် | ၊ | (၁၀း၅၀)နာရီမှ (၁၂း၂၅)နာရီထိ |
| နေရာ | ၊ | ပြည်သူ့လွှတ်တော် အဆောက်အအုံ၊ သံတမန်ခန်းမ၊ |

## မိမိဘက်မှတက်ရောက်သူများ

| | | | |
|---|---|---|---|
| (၁) | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ | – | ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| (၂) | ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး | – | ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| (၃) | ဗိုလ်ချုပ်ကြီးသူရရွှေမန်း | – | အဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| (၄) | ဗိုလ်ချုပ်ကြီးစိုးဝင်း | – | နိုင်ငံတော်ဝန်ကြီးချုပ် |
| (၅) | ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် | – | အတွင်းရေးမှူး(၁) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| (၆) | ဦးဉာဏ်ဝင်း | – | ဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၇) | ဦးသောင်း | – | ဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၈) | ဦးကြည်သိန်း | – | အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး |

## အိန္ဒိယဘက်မှတက်ရောက်သူများ

| | | | |
|---|---|---|---|
| (၁) | *Dr. APJ Abdul Kalam* | - | *President of the Republic of India* |
| *(၂)* | *Ms. Kumari Selja* | - | *Minister of State* |
| *(၃)* | *Smt. C.S. Sujatha* | - | *Member of Parliament* |
| *(၄)* | *Shri. T. Chhewang* | - | *Member of Parliament* |
| *(၅)* | *Shri. P.M. Nair* | - | *Member of Parliament* |
| *(၆)* | *Shri. Shyam Saran* | - | *Foreign Secretary* |
| *(၇)* | *Mr. Bhaskar Kumar Mitra* | - | *Indian Ambassador to Myanmar* |

## မိမိဘက်မှပြောကြားချက်

– အဆွေတော် အိန္ဒိယသမ္မတကြီးအား မြန်မာနိုင်ငံသူနိုင်ငံသားများကိုယ်စားနဲ့ အစိုးရကိုယ်စား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊

ထိပ်တန်းလျှို့ဝှက်

- သမ္မတကြီး၏ ခရီးစဉ်သည် အိန္ဒိယနိုင်ငံမှ နိုင်ငံတော်အကြီးအကဲအဆင့် ပထမဦးဆုံးအကြိမ် လာရောက်ခြင်းဖြစ်၍ အိန္ဒိယ–မြန်မာ နှစ်နိုင်ငံဆက်ဆံရေး နယ်ပယ်မှာ ထူးခြားတဲ့ သမိုင်းမှတ်တိုင်ဖြစ်ပါကြောင်း၊
- လွန်ခဲ့တဲ့ (၁၉)နှစ်ခန့်က အိန္ဒိယနိုင်ငံမှ အစိုးရအဖွဲ့ အကြီးအကဲအနေဖြင့် ဝန်ကြီးချုပ်ရာဂျစ်ဂန္ဓီ လာရောက်ခဲ့ပါကြောင်း၊ သမ္မတကြီးရဲ့ခရီးစဉ်ဟာ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်တဲ့ အဆင့်အမြင့်ဆုံး ခရီးစဉ်ဖြစ်ပါကြောင်း၊
- ၂၀၀၄ခုနှစ်၊ အောက်တိုဘာလအတွင်း မိမိအိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့စဉ်က လိုလေးသေးမရှိကူညီဆောင်ရွက်ပေးမှုနှင့် ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအခါအဆွေတော်အား တုံ့ပြန်ဧည့်ဝတ်ပြုခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊
- အဆွေတော်၏ခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ နှစ်ဦးနှစ်ဘက်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း၊

## အိန္ဒိယဘက်မှ ဆွေးနွေးချက်

- ၂၀၀၄ခုနှစ်က အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံခဲ့ပြီးနောက် ယခုတဖန်ပြန်လည်ဆုံတွေ့ရတဲ့အတွက် အလွန်ဝမ်းသာမိပါကြောင်း၊ အဆွေတော်ရဲ့အိန္ဒိယခရီးစဉ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို အားသစ်လောင်းပေးစေခဲ့ပါကြောင်း၊
- အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှာ ခင်မင်ရင်းနှီးသည့် အိမ်နီးချင်း နိုင်ငံများဖြစ်ကြပြီး၊ နယ်ပယ်ကဏ္ဍတိုင်းမှာ ပူးပေါင်းဆောင်ရွက်မှုမှာလည်း တိုးတက်လျက်ရှိနေပါကြောင်း၊
- ယမန်နေ့က မိမိအနေဖြင့် မြန်မာကျောင်းသားလူငယ်များနဲ့ ပထမအကြိမ် တွေ့ဆုံခွင့်ရစဉ်မေးမြန်းခဲ့ရာ၊ ၄င်းတို့အနေဖြင့် မိမိတို့ ဆရာ/ဆရာမများအား မေးမြန်းလိုသည်များကို မေးပိုင်ခွင့်ရှိသည်ဟုသိရှိရသဖြင့် အဆွေတော်တို့နိုင်ငံတွင် ကောင်းမွန်သော ပညာသင်ကြားရေးစနစ်ရှိသည်ကို သိရှိခွင့်ရရှိခဲ့ပါကြောင်း၊ ယမန်နေ့ညက မိမိအိန္ဒိယသံအမတ်ကြီး၏ နေအိမ်တွင် အိန္ဒိယနွယ်ဖွား မြန်မာ (၃၀၀)ခန့်နှင့် တွေ့ဆုံခွင့်ရရှိခဲ့ပြီး၊ မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊
- ယနေ့နံနက်တွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမျှော်ခဲ့စဉ် ဗုဒ္ဓဂါယာကို ပြန်ပြောင်းသတိရခဲ့ပါကြောင်း၊
- ယနေ့ရန်ကုန်မြို့အတွင်း ဖြတ်သန်းလာစဉ် မြို့လည်တွင် ဗုဒ္ဓဘာသာစေတီတော်တစ်ဆူ၊ ဗလီတစ်ခုနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတို့ နီးကပ်စွာ ယှဉ်တွဲဆောက်လုပ်ထားသည်ကို တွေ့ရှိခဲ့ရသဖြင့် မြန်မာနိုင်ငံမှာ ဘာသာမျိုးစုံနဲ့ သဟာဇာတရှိရှိ အတူယှဉ်တွဲနေထိုင်ကြသည်ကို ဝမ်းသာဖွယ်ရာ တွေ့ရှိရကြောင်း၊ ဘာသာရေးတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှာ ကမ္ဘာ့အတွက် စံနမူနာယူဖွယ်ရာ တစ်ခုဖြစ်ပါကြောင်းနှင့် မြန်မာပြည်သူများမှာ စိတ်ထားဖြူစင် လှပကြသည်ကိုလည်း တွေ့ရှိခဲ့ရပါကြောင်း၊

## မိမိဘက်မှ ဆွေးနွေးချက်

- မြန်မာနှင့် အိန္ဒိယနိုင်ငံတို့မှာ နယ်နိမိတ်ချင်း ရှည်လျားစွာဆက်စပ်နေတဲ့အလျောက် ယဉ်ကျေးမှုအရ တူညီသောဆက်နွယ်မှုများကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံဟာ အိန္ဒိယမှာ အခြေခံခဲ့သည့် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြသည့်အတွက် ယဉ်ကျေးမှု ဓလေ့ထုံးစံများဟာ အိန္ဒိယရဲ့ ဟိန္ဒူ ယဉ်ကျေးမှုတို့နှင့် များစွာ ဆက်စပ်နေပါကြောင်း၊
- မြန်မာနိုင်ငံသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့နှင့် နီးကပ်စွာ တည်ရှိနေတဲ့အတွက် ပထဝီအနေအထားအရ ထူးခြားမှုရှိပါကြောင်း၊ ဘာသာရေး၊ ယဉ်ကျေးမှုအရ မြန်မာနိုင်ငံဟာ အိန္ဒိယနှင့် ပိုမိုနီးကပ်မှုရှိပြီး၊ ဘုရားဖူးသွားလာမှုတွေ တိုးတက်များပြားနေပါကြောင်း၊
- ရွှေတိဂုံဘုရားသည်ပင်လျှင် ယင်းသို့ ကူးသန်းသွားလာသူ ကုန်သည်နှစ်ဦးက ရရှိခဲ့သော ဘုရားဆံတော်မြတ်ကို ဌာပနာ၍ တည်ထားခဲ့ခြင်း ဖြစ်ပါကြောင်း၊
- ဗုဒ္ဓမြတ်စွာဘုရားသည် အိန္ဒိယနွယ်ဖွားမှ ဆင်းသက်လာသူဖြစ်၍ မြန်မာပြည်သူ ပြည်သားများအနေဖြင့် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဂါယာ၊ ရာဇဂြိုလ်ပြည်၊ ဗာရာဏသီ စသောနေရာများကို ကောင်းစွာရင်းနှီးကျွမ်းဝင်မှု ရှိကြပါကြောင်း၊
- ဤအချက်များမှာ မြန်မာနှင့် အိန္ဒိယတို့ နှစ်နိုင်ငံအကြား ရှေးခေတ်ကတည်းကပင် မည်မျှရင်းနှီးမှုရှိသည်ကို ဖော်ညွှန်းနေပါကြောင်း၊
- မျက်မှောက် ခေတ်သမိုင်းတွင်လည်း အင်္ဂလိပ်ကိုလိုနီ လက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှအကြံဉာဏ်များ ရယူခဲ့ဘူးရာ ဂန္ဒီ၊ နေရူး စသည့် အိန္ဒိယခေါင်းဆောင်များအား လူတိုင်းသိကြပါကြောင်း၊
- ယခင်က မြန်မာနှင့် အိန္ဒိယခေါင်းဆောင်များ စတင်ကျင့်သုံးခဲ့တဲ့ ပဥ္စသီလခေါ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး (၅) ချက်ကို ယခုအခါ တစ်ကမ္ဘာလုံးက ကျင့်သုံးနေကြပါကြောင်း၊
- မြန်မာနှင့် အိန္ဒိယနိုင်ငံအကြား ၁၉၅၁ ခုနှစ်က ချစ်ကြည်ရေးစာချုပ်ချုပ်ဆိုခဲ့ကြပြီး၊ ခင်မင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြပါကြောင်း၊၊ နှစ်နိုင်ငံအကြား ပြဿနာကြီးကြီးမားမားမရှိခဲ့ပါကြောင်း၊ ပြဿနာ ပေါ်ပေါက်လာလျှင်လည်း ညှိညှိနှိုင်းနှိုင်း နားလည်မှုရှိရှိဖြင့် ဖြေရှင်းနိုင်ခဲ့ကြပါကြောင်း၊
- မြန်မာနိုင်ငံ၏ အရေးကိစ္စများနှင့် ပတ်သက်၍လည်း အိန္ဒိယနိုင်ငံဘက်မှ ကူညီထောက်ခံမှုများပေးခဲ့သလို မြန်မာနိုင်ငံကလည်း အိန္ဒိယနိုင်ငံဘက်မှ ရပ်တည် ကူညီပေးခဲ့သည်များလည်း ရှိပါကြောင်း၊
- ယခုအခါ အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား ကဏ္ဍအမျိုးမျိုး အဆင့်အမျိုးမျိုးမှာ ဆက်သွယ်ပူးပေါင်း ဆောင်ရွက်မှုတွေ တိုးတက်လျက်ရှိနေပါကြောင်း၊
- မိမိအနေဖြင့် အိန္ဒိယနိုင်ငံသို့ ၂၀၀၄ခုနှစ်က သွားရောက်ခဲ့စဉ် ဧည့်ခံပြုစု၊ ကူညီဆောင်ရွက်ပေးခဲ့သည်များကို ပြန်ပြောင်းသတိရနေပါကြောင်း၊ အထူးသဖြင့် ဗုဒ္ဓဂါယာသို့ (၁)ရက်ခွဲခန့်ကြာမျှ သွားရောက်၍ တရားထိုင်ခွင့်ရရှိခဲ့တဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊
- မိမိတို့အနေဖြင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သကဲ့သို့ အခြားဘာသာများကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားပါကြောင်း၊ အဆွေတော် တွေ့မြင်ခဲ့ရသည့်အတိုင်း ရန်ကုန်မြို့လယ်တွင်ပင် ဗုဒ္ဓစေတီတော်၊ မူဆလင်ဗလီ၊ ခရစ်ယာန်

ဘုရားရှိခိုးကျောင်းနှင့် မလှမ်းမကမ်းတွင် ဟိန္ဒူဘုရားရှိခိုး ကျောင်းတို့ နီးကပ်စွာ တည်ရှိနေပါကြောင်း၊

– အခြားဘာသာဝင်များ၏ ကိုးကွယ်မှုကို အနှောက်အယှက် ပြုမှုမျိုးမရှိသည့်အပြင် နိုင်ငံတော်အစိုးရအနေနဲ့ အခြားဘာသာတွေကိုလည်း ကူညီထောက်ပံ့မှုများပေးလျက် ရှိပါကြောင်း၊

– ယင်းသို့ ဘာသာရေးလွတ်လပ်ခွင့်များ ပေးထားနေသည့်ကြားမှ အနောက်မီဒီယာများက မြန်မာနိုင်ငံအား ဘာသာရေးအရဖိနှိပ်မှုများ ရှိသယောင် စွပ်စွဲမှုများပြုလုပ်နေကြပါကြောင်း၊

– မိမိတို့နှစ်နိုင်ငံဆက်ဆံရေးမှာ နယ်ဘက်တွင်သာမက နှစ်နိုင်ငံတပ်မတော်အချင်းချင်း ဆက်ဆံရေးဘက်တွင်ပါဆက်ဆံမှုတွေ တိုးတက်များပြားလာပါကြောင်း၊ တပ်မတော်အချင်းချင်း ဆက်ဆံရေးမှာလည်း နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးကြီးပါကြောင်း၊

– အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေခြင်းများအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်နှင့်လျှပ်စစ်တို့မှာ အထူးလိုအပ်လျက်ရှိ နေပါကြောင်း၊

– ၂၀၀၄ ခုနှစ်က အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့တဲ့ မိမိတို့ရဲ့ ခရီးစဉ်ကာလ အတွင်းမှာ သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ ထမံသီရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံချက်နှင့် (၂၀၀၄-၂၀၀၆) အတွက် ယဉ်ကျေးမှုဖလှယ်ရေးလုပ်ငန်းအစီအစဉ် စတဲ့ သဘောတူညီချက် (၃)ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊

– ယင်းသဘောတူညီချက်တွေ အကောင်အထည်ဖော်ရေးအတွက် မိမိတို့အနေဖြင့်အရှိန်အဟုန်မြင့် ဆောင်ရွက်နေပါကြောင်း၊ ထမံသီ ရေအားလျှပ်စစ်စီမံကိန်းကိုလည်း မိမိတို့ဘက်မှ စတင်ဆောင်ရွက်နေပြီဖြစ်ရာ ယင်းစီမံကိန်းအား အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးအဆင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောလျင်စွာ စတင်လိုပါကြောင်း၊

– ထမံသီစီမံကိန်းမှာ အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ မိုရေး၊ အာသံစသည့်ဒေသများ ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူဖြစ်စေမှာဖြစ်၍ နှစ်နိုင်ငံလုံးအတွက် အကျိုးကျေးဇူးရှိစေမည်ဖြစ်ကြောင်း၊

## အိန္ဒိယဘက်မှ ဆွေးနွေးချက်

– နှစ်နိုင်ငံလုံးအကျိုးရှိစေမည့် ထမံသီစီမံကိန်းအပေါ် အဆွေတော်အနေဖြင့် ဆောလျင်စွာ စတင်ရန် စိတ်ဝင်စားကြောင်းသိရ၍ ဝမ်းသာပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် (၇) နှစ်ခန့် ကြာမြင့်မည်ဟု သိရှိရပါကြောင်း၊ ယင်းစီမံကိန်းအတွက် အသေးစိတ် စီမံကိန်း အစီရင်ခံစာ (Detailed project report) ပြင်ဆင်ရန်လိုအပ်ပါကြောင်း၊ (၆)လအတွင်းတွင် မိမိတို့အနေဖြင့် ယင်းအစီရင်ခံစာကို ပြင်ဆင်နိုင်ပါကြောင်း၊ မိမိတို့ဘက်မှ ယင်းစီမံကိန်းအတွက် မည်သို့ ပူးပေါင်းဆောင်ရွက်စေလိုသည်ကို သိရှိလိုပါကြောင်း၊

– ထမံသီစီမံကိန်းမှာ (၇)နှစ်ခန့်ကြာမည်ဆိုသည်မှာ အောက်ခြေအဆင့်မှ သိရခြင်းဖြစ်ပြီး (၅)နှစ်အတွင်း အပြီးဆောင်ရွက်လိုကလည်းဖြစ်နိုင်ပါကြောင်း၊ အိန္ဒိယအနေဖြင့်လည်း မပျက်မကွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စရိတ်စက မည်မျှ

ကုန်ကျမည်၊ မည်သို့မည်ပုံ စီမံခန့်ခွဲမည်တို့ကို ဝန်ကြီးအဆင့်တွင် ညှိနှိုင်းဆွေးနွေးပြီး လုပ်ငန်းစတင်နိုင်မည်ဖြစ်ပါကြောင်း၊

- ထမံသီစီမံကိန်းအတွက် အသေးစိတ်ဆွေးနွေးရန် ဝန်ကြီးအဆင့်အစည်းအဝေးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စီစဉ်လျက်ရှိပါကြောင်း၊ သို့သော် ကျင်းပမည့် နေ့ရက်မသတ်မှတ်ရသေးပါကြောင်း၊ (နိုင်ငံခြားရေးအတွင်းဝန်မှ ဖြည့်စွက်ပြောကြားပါသည်။)

## မိမိဘက်မှ ဆွေးနွေးချက်

- ထမံသီစီမံကိန်းအတွက် ဂျာမဏီမှ ဒေါ်လာ(၁၂)သန်းတန်စက်ကြီးများ ဝယ်ယူထားပြီး ဆွစ်ဇာလန်နိုင်ငံမှ Consultant လည်း ငှားထားပြီးဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံပူးပေါင်း၍ ဆောလျင်စွာလုပ်ငန်းစတင်နိုင်လျှင် မိမိတို့အနေဖြင့် နေ့မနားညမနားလုပ်မှာဖြစ်၍ (၇)နှစ်မကြာဘဲ (၅)နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ပါကြောင်း၊
- မြန်မာနိုင်ငံတွင် နီကယ်တန်ချိန်သန်း(၁၀၀)ခန့်ရှိသည့် သတ္တုသိုက်များရှိရာ တူးဖော်ထုတ်လုပ်ရေးအတွက် ပြင်သစ်နှင့် ဆွေးနွေးခဲ့ရာတွင် လျှပ်စစ်ဓါတ်အား မဂ္ဂါဝပ်(၁၀၀)ခန့် လိုမည်ဟု သိရကြောင်း၊ သို့သော် မိမိတို့မှာ ထိုမျှသော လျှပ်စစ်ဓါတ်အား ပမာဏပေးနိုင်ခြင်းမရှိသဖြင့် အခက်အခဲဖြစ်နေပါကြောင်း၊
- အလားတူပင် ကြေးနီတန်ချိန် သန်း(၂၀၀)ခန့် ထွက်နိုင်မည့်နေရာများလည်း ရှိကြောင်း၊ သို့သော်လည်း လျှပ်စစ်ဓါတ်အား လုံလောက်စွာ မပေးနိုင်သည့်အတွက် ထိရောက်စွာ မတူးဖော်နိုင်သေးကြောင်း၊
- ထို့အပြင် သံသတ္တုရိုင်း (Iron Ore) လည်း တန်ချိန်သန်း(၃၀၀)ခန့် ထုတ်လုပ်နိုင်သည့် ဒေသများရှိသော်လည်း တူးဖော်ရန် လျှပ်စစ်ဓါတ်အား လုံလောက်စွာ မပေးနိုင်တဲ့အတွက် မတူးဖော်နိုင်သေးကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓါတ်အား အမြန်ဆုံးရရှိရန် လိုအပ်နေတဲ့အတွက် ထမံသီစီမံချက်ကို ဆောလျင်စွာ စတင်အကောင်အထည်ဖော်လိုကြောင်း၊

## အိန္ဒိယဘက်မှ ဆွေးနွေးချက်

- မြန်မာနိုင်ငံ၌ ကြေးနီ၊ နီကယ်သတ္တုသိုက်များရှိကြောင်း ကြားသိရ၍ ဝမ်းမြောက်မိပါကြောင်း၊ အိန္ဒိယနိုင်ငံတွင် ကြေးနီနှင့် နီကယ်ရှားပါးမှုရှိနေသဖြင့် စိတ်ဝင်စားပါကြောင်း၊ လျှပ်စစ်ဓါတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကိုယ်စားလှယ်အဖွဲ့ အမြန်ဆုံးစေလွှတ်လိုပါကြောင်း၊
- ထမံသီစီမံကိန်းမှာ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးနှင့် နီကယ်၊ ကြေးနီနှင့် သံရိုင်းတူးဖော်ထုတ်လုပ်ရေးဟူ၍ အပိုင်း(၂)ပိုင်းရှိနေသည်ကို သိရပါကြောင်း၊ ဒုတိယအဆင့်ဖြစ်သော သတ္တုတူးဖော်ရေးအပိုင်းမှာ ထမံသီစီမံကိန်းမှ လျှပ်စစ်ဓါတ်အားဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်းကို မှတ်သားထားပြီး အိန္ဒိယနိုင်ငံသို့ ပြန်ရောက်သည့်အခါ မိမိ၏ Team နှင့် ဆွေးနွေးမှုများပြုလုပ်ပြီး အိန္ဒိယနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းအစီအစဉ် Road Map တစ်ခုကို ပြန်လည်ပေးအပ်အဆိုပြုမည်ဖြစ်ပါကြောင်း၊
- သတ္တုတူးဖေါ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးရန် အိန္ဒိယမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ပေးမည်ဖြစ်ပါကြောင်း၊

မိမိဘက်မှ ဆွေးနွေးချက်

– အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့စေလွှတ်မည်ဆိုပါက အမြန်ဆုံး လာရောက်စေလိုပါကြောင်း၊ ကြေးနီတူးဖော်ရေးနှင့် ပတ်သက်၍ ဩစတြေးလျှနှင့် တရုတ်နိုင်ငံကလည်း စိတ်ဝင်စားမှုရှိနေပြီး ကနေဒါနိုင်ငံမှ အိဗန်ဟို ကုမ္ပဏီနှင့်လည်း ပူးတွဲဆောင်ရွက်နေပါကြောင်း၊ အိန္ဒိယနိုင်ငံကိုလည်း ယင်းသတ္တုများ တူးဖော်ရေးနှင့် ပတ်သက်၍ လာရောက်ဆွေးနွေးရန် ဖိတ်ခေါ်ပါကြောင်း၊
– တကောင်းဒေသတွင်ရှိသည့် နီကယ်တန်ချိန် သန်း(၇၀)ကို တရုတ်နိုင်ငံနှင့်ပူးပေါင်းထုတ်လုပ်ရန် ညှိနှိုင်းထားပါကြောင်း၊ သို့သော် အိန္ဒိယနှင့် ပိုမိုနီးသည့် ကလေးမြို့အနီးရှိ နီကယ်သတ္တုသိုက်မှာ တန်ချိန်သန်း(၈၀) ခန့်ရှိသေးရာ အိန္ဒိယဘက်မှ စိတ်ဝင်စားလျှင် အမြန်ဆုံးလာရောက် ဆွေးနွေးလိုပါကြောင်း၊
– သို့ရာတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများမှာ ထမံသီရေအားလျှပ်စစ်စီမံကိန်း မပြီးသေးပါက စတင်ဆောင်ရွက်နိုင်ခြင်း ရှိဦးမည်မဟုတ်ပါကြောင်း၊
– အိန္ဒိယနှင့် ပူးတွဲ၍ ဆောင်ရွက်မည့် အခြားစီမံကိန်းတစ်ခုမှာ ကုလားတန်မြစ်ဘက်စုံပို့ဆောင်ရေး စီမံကိန်းဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းအရ အိန္ဒိယဘက်မှ ကားလမ်းဖောက်ရန်၊ စစ်တွေတွင် ဆိပ်ကမ်းတည်ဆောက်ရန်နှင့် ယင်းလမ်းကြောင်းအတိုင်း သဘာဝဓါတ်ငွေ့ပိုက်လိုင်းဆောက်လုပ်ရန်ရှိကြောင်း၊ ယင်းစီမံကိန်းကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်လိုပါကြောင်း၊

အိန္ဒိယဘက်မှဆွေးနွေးချက်

– ကုလားတန်မြစ်ဘက်စုံစီမံကိန်းအတွက် စုစုပေါင်းကုန်ကျစရိတ် ဒေါ်လာသန်း(၁၀၀)ခန့်ရှိသည့်အနက် အိန္ဒိယမှ အမေရိကန်ဒေါ်လာသန်း (၉၀)၊ မြန်မာဘက်မှ ၁၀%ဖြစ်သော ဒေါ်လာ(၁၀)သန်း ထည့်ဝင်ရန်ရှိရာ၊ မြန်မာဘက်မှ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံမှ ထည့်ဝင်ရမည့် အမေရိကန် ဒေါ်လာ (၁၀)သန်းကို အိန္ဒိယမှ ချေးငွေအဖြစ် ပေးအပ်မည်ဖြစ်ပါကြောင်း၊ ယင်းကမ်းလှမ်းချက်ကို ကြေညာသွားရန်ရှိပါကြောင်း၊
– မြန်မာနိုင်ငံမှ သဘာဝဓါတ်ငွေ့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဖြတ်၍ သယ်ယူခြင်းပြုတော့မည်မဟုတ်ပါကြောင်း၊ သဘာဝဓါတ်ငွေ့ သယ်ယူရေးအတွက် ဆွေးနွေးညှိနှိုင်းရန် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးရုံးတစ်ရုံး စတင်ဖွင့်လှစ်ရန်ရှိပါကြောင်း၊

မိမိဘက်မှ ဆွေးနွေးချက်

– သဘာဝဓါတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် မကြာမီက တရုတ်နိုင်ငံနှင့်လည်း နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးထားပါကြောင်း၊ သဘာဝဓါတ်ငွေ့သိုက်များမှာထပ်ရှာလျှင်လည်း ထပ်တွေ့ဦးမည်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ အမြန်ဆုံး လာရောက်ဆွေးနွေးစေလိုပါကြောင်း၊
– မိမိတို့နိုင်ငံတွင် ယင်းဒေသမှ သဘာဝဓါတ်ငွေ့သိုက် ကုဗပေ(၉)ထရီလီယံခန့် ရှိသဖြင့် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးသို့ တင်ပို့နိုင်သည့်အနေအထားတွင် ရှိပါကြောင်း၊
– ယင်းကိစ္စနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့် သီးခြားတွေ့ဆုံ၍ အသေးစိတ်ဆွေးနွေးနိုင်ရန် စီစဉ်ထားပါကြောင်း၊

အိန္ဒိယဘက်မှ ဆွေးနွေးချက်

- စစ်တွေဆိပ်ကမ်း တည်ဆောက်ရေးကိစ္စမှာ အလွန်ကြီးမားသော စီမံချက်ကြီးဖြစ်ပါကြောင်း၊ ယင်းဆိပ်ကမ်းမှာ အရှေ့တောင်အာရှမှ လူဦးရေ သန်း(၅၀၀)နှင့် အိန္ဒိယမှ လူဦးရေ သန်း(၁၀၀၀)တို့ကို ဆက်သွယ် ပေါင်းစည်းပေးစေမည်ဖြစ်ပါကြောင်း၊
- စစ်တွေဆိပ်ကမ်းမှာ ကုလားတန်မြစ် ဘက်စုံပို့ဆောင်ရေးစီမံချက်အတွက်သာဖြစ်ပြီး၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းမှာ သီးခြားစီမံချက်ဖြစ်ပါကြောင်း၊
- သဘာဝဓါတ်ငွေ့ပိုက်လိုင်းများကိုလည်း အိန္ဒိယနိုင်ငံသို့ ကုလားတန် ပို့ဆောင်ရေးလမ်းကြောင်းအတိုင်း ပို့ဆောင်သွားမည်ဖြစ်ပါကြောင်း၊
- ကုလားတန်မြစ် ဘက်စုံပို့ဆောင်ရေးစီမံကိန်းတွင် အိန္ဒိယအနေဖြင့် ပူးတွဲအကောင်အထည်ဖော်ရန် သဘောတူညီပြီးဖြစ်ပါကြောင်း၊ မြန်မာဘက်မှထည့်ဝင်ရမည့် အမေရိကန်ဒေါ်လာ(၁၀)သန်းကို အိန္ဒိယမှ ချေးငွေအဖြစ် ပေးအပ်မည်ဖြစ်ကြောင်းကို ယခုခရီးစဉ်တွင် ကြေညာသွားမည်ဖြစ်ပါကြောင်း၊

မိမိဘက်မှ ဆွေးနွေးချက်

- အိန္ဒိယနိုင်ငံအနေဖြင့် ကလေး–တမူး ချစ်ကြည်ရေးလမ်းမဖောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက်လည်းကောင်း၊ ရိဒ်–တီးတိန်၊ ရိဒ်–ဖလမ်း အဆင့်မြှင့် ရေးအတွက်လည်းကောင်း အကူအညီပေးအပ်ခဲ့သည်များအတွက် ကျေးဇူးတင်ရှိပါကြောင်း၊
- သတင်းအချက်အလက်နည်းပညာ (ICT) ဘက်တွင် အလွန်တိုးတက်နေသည့် အိန္ဒိယနိုင်ငံမှ ICT ကဏ္ဍတွင် အကူအညီတစ်ရပ် တောင်းခံလိုပါကြောင်း၊

အိန္ဒိဘက်မှဆွေးနွေးချက်

- ဤကဏ္ဍအောက်တွင် Cyber Optical Link ဆက်သွယ်ရေးအတွက် ချေးငွေဒေါ်လာ (၇)သန်းပေးအပ်ရန် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံမှ TCIL တို့အကြား လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုပါကြောင်း၊ ထို့ပြင် ရန်ကုန်မြို့ရှိ ဂြိုလ်တုမြေပြင် စခန်းအား အဆင့်မြှင့်တင်ရေးအတွက် အမေရိကန်ဒေါ်လာ (၁.၃)သန်း ထောက်ပံ့ရန်လည်း ယခုခရီးစဉ်အတွင်း ထုတ်ပြန်ကြေညာသွားရန်ရှိပါကြောင်း၊
- ICTကဏ္ဍတွင် အိန္ဒိယအနေဖြင့် မည်သို့ကူညီမှုများပေးအပ်စေလိုသည်ကို သိရှိလိုပါကြောင်း၊

မိမိဘက်မှဆွေးနွေးချက်

- မြန်မာနိုင်ငံတွင် ICT Park ကောင်းကောင်းမရှိသေးပါကြောင်း၊ ရန်ကုန်မြို့၌ တစ်ခုတည်းသာရှိပါကြောင်း၊ အထက်မြန်မာနိုင်ငံရှိ မန္တလေးမြို့တွင် ICT Park တစ်ခု တည်ဆောက်လိုပါကြောင်း၊ ယင်းသို့ တည်ဆောက်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ အတတ်ပညာနှင့် ငွေကြေးအကူအညီများ ပေးအပ်နိုင်မည်ဆိုလျှင် အထူးကျေးဇူးတင်ဝမ်းမြောက်မည်ဖြစ်ပါကြောင်း၊

အိန္ဒိယဘက်မှဆွေးနွေးချက်

- မန္တလေးတွင် ICT Park တည်ဆောက်ရေးကိစ္စကို မိမိတို့ အလေးထားစဉ်းစားမည်ဖြစ်ပါကြောင်း၊ မန္တလေးမြို့သို့ အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်သူများ စေလွှတ်ပြီး ICT Park တည်ဆောက်မည့်နေရာကို ကြည့်ရှုစေမည်ဖြစ်ပါကြောင်း၊

မိမိဘက်မှဆွေးနွေးချက်

– မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ကမ်းလွန်ရေတိမ်ပိုင်း စီးပွားရေးဇုန်နယ်နိမိတ်အား မိုင်(၂၀၀)အထက် တိုးချဲ့သတ်မှတ်ရန်အတွက် အချက်အလက်များ တိုင်းတာရေးကိစ္စတွင် ကူညီပံ့ပိုးမှုများ ပေးအပ်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊

အိန္ဒိယဘက်မှဆွေးနွေးချက်

– မြန်မာနိုင်ငံ၏ ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ် တိုးချဲ့သတ်မှတ်ရာတွင် လိုအပ်သည့် နည်းပညာအကူအညီများအပြင် စရိတ်စက အမေရိကန် ဒေါ်လာ(၃)သန်းကို ခွင့်ပြုငွေ (Grant) အဖြစ်ပေးအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် On-board Training လေ့ကျင့်မှုများကိုလည်း စီစဉ်ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊
– ယင်းကိစ္စနှင့်ပတ်သက်၍ လေ့လာတိုင်းတာရေး ရေယာဉ် (Survey Ship) တစ်စီးကို စေလွှတ်ပေးမည်ဖြစ်ပါကြောင်း၊

မိမိဘက်မှပြောကြားချက်

– အိန္ဒိယ–မြန်မာ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများအနက် အိန္ဒိယ–မြန်မာ–ထိုင်းလမ်းမကြီးတစ်ခု ဖောက်လုပ်ရေးကိစ္စကို (၃)နိုင်ငံ ဆွေးနွေးနေသည်များ ရှိပါကြောင်း၊
– အဆိုပါ သုံးပွင့်ဆိုင်လမ်းမကြီးဖောက်လုပ်ရေးအား အမြန်ဆုံး အကောင်အထည်ဖော်နိုင်မည်ဆိုပါ အနောက်အာရှနှင့် အရှေ့တောင်အာရှ ဒေသအကြား ဆက်သွယ်ရေးအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ ယင်းကိစ္စမှာဆွေးနွေးနေကြသော်လည်း လက်တွေ့ အကောင်အထည် ပေါ်မလာသေးပါကြောင်း၊
– အဆိုပါ သုံးပွင့်ဆိုင်လမ်းမှာ ဂင်္ဂါ–မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအတွက် လည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံဘက်တွင် လမ်းအကြမ်းကို ဖောက်လုပ်ထားပြီးဖြစ်၍ ယင်းလမ်းမကြီး အမြန်ဆုံး ပြီးစေလိုပါကြောင်း၊ ယင်းလမ်းတစ်လျှောက်တွင်လည်း တံတားကြီး (၄–၅)စင်းခန့် ဆောက်လုပ်ရန်လိုသဖြင့် မိမိတို့ အင်အားဖြင့် မတတ်နိုင်ပါသဖြင့် မြန်မာနိုင်ငံသို့ ချေးငွေဒေါ်လာသန်း (၂၅၀)ခန့် ပေးအပ်နိုင်မည်ဆိုပါက အမြန်ဆုံး ပြီးစီးသွားမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ တိတိကျကျ ဆွေးနွေးကြပြီး အမြန်ဆုံးအကောင်အထည်ဖော်ရန် စောင့်မျှော်နေပါကြောင်း၊
– ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ယင်းစီမံကိန်းတွင် ပါဝင်ရန်ဆန္ဒရှိနေသဖြင့် ၎င်းတို့ထံမှလည်း ထည့်ဝင်ငွေရယူရေးအတွက် စဉ်းစားနိုင်ကြောင်း၊

အိန္ဒိယဘက်မှ ဆွေးနွေးချက်

– အဆိုပါလမ်းမှာ သုံးနိုင်ငံ ပါဝင်ပတ်သက်ပြီး အရှေ့တောင်အာရှဒေသသို့ ဆက်သွယ်ပေးမည်ဖြစ်၍ မိမိတို့အတွက်လည်း အလွန်အရေးကြီးပါကြောင်း၊ ပူးပေါင်းပါဝင်ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊ သို့သော် လမ်းဖောက်လုပ်ရန် ရန်ပုံငွေပံ့ပိုးရေးအတွက် သုံးနိုင်ငံ သဘောတူညီမှု ရရန်လိုအပ်နေ ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရန်ပုံငွေပံ့ပိုးပေးရန်လိုအပ်နေသည်ဟု သိရှိရကြောင်း၊ ရန်ပုံငွေပံ့ပိုးမှု ရရှိရေးမှာ အရေးကြီးဆုံး အတားအဆီးတစ်ရပ် ဖြစ်နေပါကြောင်း၊

- ယင်းကိစ္စအတွက် သုံးနိုင်ငံ ညှိနှိုင်းရန် အစည်းအဝေးကို (၃)လအတွင်း ခေါ်ယူကြမည်ဖြစ်ပါကြောင်း၊ သို့သော် ထိုင်းနိုင်ငံပါ ပါဝင်လာအောင် စည်းရုံးဆွဲဆောင်ရန် လိုအပ်ကြောင်း၊
- သုံးပွင့်ဆိုင်လမ်းမစီမံကိန်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပါဝင်လာမည်ဆိုပါက စီမံကိန်းလမ်းကြောင်းကို ပြန်လည်ရေးဆွဲပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်ပါဝင်လိုပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သီးခြားလမ်း Feeder Road တစ်ခု ဖောက်လုပ်ဆက်သွယ်နိုင်ပါကြောင်း၊
- သုံးပွင့်ဆိုင်လမ်းမနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြန်လည်စတင်ရေးအတွက် ရက်သတ္တပါတ် အနည်းငယ်အတွင်း ပြန်လည်ဆက်သွယ်မည်ဖြစ်ပါကြောင်း၊
- ဒေသဆိုင်ရာအစည်းအဝေးများတွင် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံအား ထောက်ပံ့မှုများ ပေးရေးအတွက် ကြိုကြိုက်စဉ် မေတ္တာရပ်ခံလိုပါကြောင်း၊

မိမိဘက်မှဆွေးနွေးချက်

- မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပတ်သက်၍ အချိန်အကန့်အသတ်ကြောင့် အကျဉ်းချုံးပြောကြားလိုပါကြောင်း၊
- မိမိတို့အနေဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် နိုင်ငံတော်၏ရှေ့ဆက်သွားမည့် လမ်းစဉ်(၇)ရပ်ချမှတ်၍ ဆောင်ရွက်နေပါကြောင်း၊ ပထမဆင့်အနေဖြင့် အမျိုးသားညီလာခံကို (၃)ကြိမ်ကျင်းပခဲ့၍ ဆွေးနွေးခဲ့ပြီးဖြစ်ရာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ပတ်သက်၍ တိုးတက်မှုများရရှိနေပြီဖြစ်ပါကြောင်း၊
- အနောက်နိုင်ငံများက မိမိတို့ ဒီမိုကရေစီနိုင်ငံသို့ ယင်း Road Mapဖြင့် သွားရောက်ရန် ကြိုးပမ်းနေမှုများကို အနောက်အယှက်များပြုနေကြကြောင်း၊ အနောက်နိုင်ငံများမှ ယင်းသို့ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နှောက်ယှက်ဟန့်တားမှုများ ပြုလုပ်နေပါက ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်မှာ ပိုမိုနှောင့်နှေးသွားစေလိမ့်မည်ဖြစ်ပါကြောင်းနှင့် ယင်းသို့ ဝင်ရောက်စွက်ဖက်ခြင်းမပြုပါက ဒီမိုကရေစီ ပန်းတိုင်သို့ ပိုမိုလျှင်မြန်စွာ ရောက်ရှိစေမည်ဖြစ်ပါကြောင်း၊ သင့်တော်မည့်နိုင်ငံတကာ အစည်းအဝေးများတွင် အိန္ဒိယနိုင်ငံအနေဖြင့် အနောက်နိုင်ငံများအား တိုက်တွန်းပြောကြားပေးပါရန် မေတ္တာရပ်ခံပါကြောင်း၊

အိန္ဒိယဘက်မှဆွေးနွေးချက်

- အဆွေတော်တို့နိုင်ငံတွင် အဆင့်(၇)ဆင့်ပါ Road Map ခေါ် နိုင်ငံရေးလမ်းစဉ်တစ်ရပ်ချမှတ်အကောင်အထည်ဖော်နေသည့်အတွက် အလွန်ဝမ်းသာမိပါကြောင်း၊
- မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် ၁၉၄၇ခုနှစ် ကတည်းက စတင်ခဲ့သည့် အတွေ့အကြုံရှိပါကြောင်း၊ ပါလီမန်ဒီမိုကရေစီစနစ်ကူးပြောင်းရေး အတွက် ဒီမိုကရေစီဆိုင်ရာ ဌာန/အဖွဲ့အစည်းများတည်ထောင်ရေး၊ ပါလီမန်ဥပဒေရေးဆွဲရေး၊ ရွေးကောက်ပွဲလုပ်ငန်းစဉ် စသည်တို့နှင့်ပတ်သက်၍ လိုအပ်သည့်အကူအညီများ၊ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးနိုင်ပါကြောင်း၊
- အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်တစ်ခုလုံး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည်ကို တွေ့မြင်လိုပါကြောင်း၊ အဆွေတော်အနေဖြင့် ဆောင်ရွက်မည်ကိုလည်း ယုံကြည်ပါကြောင်း၊ အဆွေတော်၏ နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်နှင့် လူ

မှုရေး ဦးတည်ချက် (၄)ရပ်တို့ကို တွေ့မြင်သိရှိလာခြင်းကြောင့် ယင်းသို့ယုံကြည်ရခြင်းဖြစ်ပါကြောင်း၊

– ယင်းသို့ဆောင်ရွက်ရာတွင် အဆွေတော်အနေဖြင့် ပြည်သူလူထု၏ပါဝင်မှုအား စိတ်ဝင်စားမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ အဆွေတော်တည်ဆောက်နေသည့် နိုင်ငံရေးစနစ်၏ အကြောင်းကို မိမိတို့နိုင်ငံနှင့် မိမိ၏ ဝန်ကြီးချုပ်ထံ သယ်ဆောင် ပြောကြားပေးမည် ဖြစ်ပါကြောင်း၊
– အိန္ဒိယ နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အတူရပ်တည်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ်အတွက်လိုအပ်သည့် အကူအညီများကို ပံ့ပိုးပေးရန်အသင့်ရှိပါကြောင်း၊
– အဆွေတော် နိုင်ငံရေးလုပ်ငန်းစဉ် အရှိန်အဟုန်မြှင့်တင်ရေးအတွက် လိုအပ်သည့်အကူအညီများကို အသိပေးစေလိုပါကြောင်း၊
– မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်ရေး၊ စီးပွားရေးဆက်သွယ်မှုများမှာ အလွန်နိမ့်ကျနေဆဲဖြစ်ပါကြောင်း၊ ယခုအခါ နှစ်နိုင်ငံကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာသန်း(၃၀၀)ခန့်သာရှိသေးပါကြောင်း၊ လာမည့် (၂)နှစ် (၃)နှစ်ကာလအတွင်းတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုကို ဒေါ်လာသန်း (၁၀၀၀)အထိ မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း၊
– ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ အကြံပြုလိုကြောင်း၊ ရန်ကုန်မြို့ပြင်သို့ ကီလိုမီတာ ၃၀–၄၀ခန့်ထွက်လျှင် ကျေးရွာများတွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာများသို့ ရုပ်ပိုင်းဆိုင်ရာ ဆက်သွယ်မှု (Physical Connectivity)၊ အီလက်ထရောနစ်ဆက်သွယ်မှု (Electronic Connectivity) နှင့် အသိပညာဆက်သွယ်မှု (Knowledge Connectivity) များ ပြုလုပ်ပေးရန် အဆိုပြုလိုပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးပါက အဆိုပါကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊
– ယင်းကျေးလက်ဖွံ့ဖြိုးရေးပုံစံနှင့်ပတ်သက်၍ သီးခြားရှင်းလင်းတင်ပြလိုပါကြောင်း၊

တွေ့ဆုံဆွေးနွေးမှုပထမပိုင်းကို (၁၂း၁၅)နာရီတွင် ခေတ္တရပ်နားပြီး နှစ်နိုင်ငံခေါင်းဆောင်ပိုင်းအချင်းချင်း သီးသန့်တွေ့ဆုံဆွေးနွေးမှုကို ပြုလုပ်ခဲ့ပါသည်။

## ဒုတိယပိုင်း သီးခြားတွေ့ဆုံဆွေးနွေးချက်

အိန္ဒိယဘက်မှပြောကြားချက်

– မိမိတို့ ရှင်းလင်းတင်ပြလိုသည့် ကျေးလက်ဖွံ့ဖြိုးရေးပုံစံမှာ ရန်ကုန်၊ ဒေလီကဲ့သို့သောမြို့ကြီးများကို အနီးဝန်းကျင်ရှိရွာများနှင့် လမ်းပန်းဆက်သွယ်မှုများ မြှင့်တင်ပေးခြင်းဖြင့် ကျေးရွာများအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရေးပင်ဖြစ်ပါကြောင်း၊ ယင်းသို့သော အခြေခံအဆောက်အအုံနှင့် အများသုံးလမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာခြင်းဖြင့် လူများသွားရေး၊ ကုန်စည်များစီးဆင်းမှု၊ ကျောင်းသားများ ကျောင်းသို့ လွယ်ကူစွာသွားလာနိုင်မှုများ တိုးတက်လာစေမည် ဖြစ်ကြောင်း၊
– ဒုတိယအချက်မှာ အီလက်ထရောနစ်ဆက်သွယ်မှု (Electronic Connectivity) ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဂြိုလ်တုစနစ်မှာလည်း ယင်းသို့သော ဆက်သွယ်မှုများကို ရရှိစေလိုပါကြောင်း၊ ယင်းဂြိုလ်တု ဆက်သွယ်မှုမှ ကျေးရွာအတွက် အကျိုးသက်ရောက်မှုများရှိစေမည် ဖြစ်ပါကြောင်း၊

- တတိယအချက်မှာ အသိပညာဆက်သွယ်မှု (Knowledge Connectivity) ဖြစ်ကြောင်း၊ ယင်းသို့သော ဆက်သွယ်မှုရှိပါက နေအိမ်များ၊ ကျောင်းများ၊ ဆေးရုံများ၊ ကျေးရွာများကို ဆက်သွယ်ရေး ဂြိုလ်တုမှတစ်ဆင့် လိုအပ်သော အကူအညီများ ပေးနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိ ဆေးရုံကြီးများအား မန္တလေး (သို့မဟုတ်) အခြားဝေးလံဒေသများရှိ ကျေးရွာများသို့ ဆက်သွယ်ကူညီနိုင်မည် ဖြစ်ကြောင်း၊
- အဆိုပါ ရုပ်ပိုင်းဆိုင်ရာဆက်သွယ်မှု (Physical Connectivity)၊ အီလက်ထရောနစ်ဆက်သွယ်မှု (Electronic Connectivity) နှင့် အသိပညာဆက်သွယ်မှု (Knowledge Connectivity) တို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေမည် ဖြစ်ပါကြောင်း၊ ထို့အပြင်စီးပွားရေးအရဆက်သွယ်မှု (Economic Connectivity) ကြောင့် စက်မှုလုပ်ငန်း၊ အသေးစားဖွံ့ဖြိုးမှုများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း၊

## မိမိဘက်မှပြောကြားချက်

- မြန်မာနိုင်ငံ၌လည်း အလားတူ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးရေး စသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်ရှိပါကြောင်း၊ လျှပ်စစ်ရရှိရေးနှင့် ဆက်သွယ်ရေးလည်း ပါဝင်ပါကြောင်း၊ ယင်းအစီအစဉ်(၅)ရပ်ဖြင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ချမှတ်ဆောင်ရွက်နေသည်မှာ (၆)နှစ်ခန့် ရှိပြီဖြစ်ပါကြောင်း၊ လမ်းမပေါက်သည့် ကျေးလက်ဒေသ၊ ကျောင်းမရှိသည့် ကျေးရွာများ နည်းပါးသွားပြီဖြစ်ပါကြောင်း၊ ကျေးရွာပေါင်း ၆ သောင်းရှိပြီး စာသင်ကျောင်း(၄၅၀၀၀)ခန့် ရှိလာပြီဖြစ်ပါကြောင်း၊

## အိန္ဒိယဘက်မှ ပြောကြားချက်

- မိမိတို့အချင်းချင်း ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အတွေ့အကြုံချင်း ဖလှယ်နိုင်ပါကြောင်း၊
- အဆွေတော် အိန္ဒိယနိုင်ငံသို့ လာရောက်ခဲ့ပြီးနောက်ပိုင်း သောင်းကျန်းသူ များအား နှိမ်နင်းရေးတွင် မြန်မာဘက်မှ ကူညီမှုများ ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယင်းသို့ ဆက်လက်ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း၊

## မိမိဘက်မှပြောကြားချက်

- ကျွန်တော်တို့အပိုင်းကို စိတ်ချစေလိုပါကြောင်း၊ အိန္ဒိယကို အနှောက်အယှက်ပြုနေသူများ မိမိတို့ဘက်ရောက်လာလျှင် ချေမှုန်းပေးမည်ဖြစ်ပါကြောင်း၊ အိန္ဒိယနှင့်လမ်းများ စတင်ဖောက်လုပ်နေပြီဖြစ်ရာ တောင်းခံထားသော စက်ယန္တရားတစ်ခုတည်းသာ ရရှိသေးပါကြောင်း၊ စက်ယန္တရားတွေ များများရရှိသည့်အခါ ရန်သူတွေနေရာဒေသအထိ လမ်းဖောက်ပြီး နှိမ်နင်းနိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊
- သောင်းကျန်းသူများဘက်သို့ ရောက်လာသော လက်နက်များမှာ မိမိတို့ဘက်မှ မဟုတ်ပါကြောင်း၊ ထိုင်း၊ ကမ္ဘောဒီးယားတို့ဘက်မှ လာခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဘက်တွင် ယင်းလက်နက်မျိုး အလက် ၄၀၀ ခန့်ဖမ်းဆီးရမိထားပါကြောင်း၊ မိမိတို့နှင့် ဤမျှချစ်ကြည်ရင်းနှီးနေသည့် အိန္ဒိယကို ထိခိုက်စေမည့်လုပ်ရပ်မျိုး ပြုလုပ်မည်မဟုတ်ပါကြောင်း၊

အိန္ဒိယဘက်မှပြောကြားချက်

- တောင်းခံထားသည့် ဘူဒိုဇာများ နယ်စပ်သို့ရောက်နေပြီဖြစ်ကြောင်း၊ မြေသယ်ယာဉ်များ မကြာမီရောက်လာမည် ဖြစ်ကြောင်း၊ နယ်စပ်တွင် အခြားအကူအညီများ ရှိပါက လည်း အသိပေးစေလိုပါကြောင်း၊
- မြန်မာနိုင်ငံသို့ အကူအညီပေးရေးနှင့် ပတ်သက်၍ အောက်ပါ ကြေညာချက်များကို ထုတ်ပြန်ပြောကြားလိုပါကြောင်း–

  - မြန်မာနိုင်ငံ၏ ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်ကို တိုးချဲ့သတ်မှတ်ရာတွင် လိုအပ်သည့် အတတ်ပညာအကူအညီအပြင် အမေရိကန်ဒေါ်လာ (၃) သန်းကို ကူညီထောက်ပံ့မည်ဖြစ်ကြောင်း၊
  - ကုလားတန်ဘက်စုံပို့ဆောင်ရေး စီမံချက်အတွက် မြန်မာနိုင်ငံဘက်မှ ထည့်ဝင်ရမည့် အမေရိကန်ဒေါ်လာ(၁၀)သန်းကို အိန္ဒိယဘက်မှ အတိုးနှုန်းသက်သာသည့် ချေးငွေအဖြစ် ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊
  - ရန်ကုန်မြို့ရှိဂြိုလ်တုမြေပြင်စခန်းအား အဆင့်မြှင့်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁.၃ သန်း ထောက်ပံ့မည်ဖြစ်ကြောင်း၊
  - မြန်မာနိုင်ငံမှ ပညာတော်သင်များအား အိန္ဒိယတက္ကသိုလ်များ၌ ဘွဲ့လွန် ပညာရပ်များ သင်ယူရေးအတွက် ပါရဂူဘွဲ့ပညာသင်ဆု ၂၀ ပေးအပ်မည်ဖြစ်ကြောင်း၊
  - မြန်မာအစိုးရ အရာရှိ (၅၀) အား e-government ဖွင့်လှစ်ရန် စီမံချက်အတွက် အိန္ဒိယဘက်မှ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း၊
  - ထို့အပြင် နားလည်မှုစာချွန်လွှာများကိုလည်း လက်မှတ်ရေးထိုးရန်ရှိကြောင်း၊

- ဒီမိုကရေစီအရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန်ဆန္ဒရှိသော်လည်း အဆွေတော်မှ စတင်ဆွေးနွေးသွားခဲ့ပြီးဖြစ်၍ ဆွေးနွေးခြင်း မပြုတော့ပါကြောင်း၊
- နားလည်မှုစာချွန်လွှာ (၃)ရပ်ကိုလည်း လက်မှတ်ရေးထိုးရန်ရှိရာ ဗုဒ္ဓစာပေလေ့လာမှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယယဉ်ကျေးမှု ဆက်သွယ်ရေးကောင်စီနှင့် မြန်မာနိုင်ငံသာသနာရေးဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးရန်ကိစ္စလည်း ပါဝင်ပါကြောင်း၊
- အိန္ဒိယအစိုးရက မြန်မာနိုင်ငံရှိ သိပ္ပံဓါတ်ခွဲခန်းများအား အဆင့်မြှင့်ရန် အကူအညီပေးမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တွင်မက မန္တလေးမှတက္ကသိုလ်များလည်း ပါဝင်ပါကြောင်း၊
- အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ကုလသမဂ္ဂမျက်နှာစာ အစည်းအဝေးများ၊ အိုင်အယ်လ်အိုနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်တို့တွင် မြန်မာနိုင်ငံဘက်မှ ထောက်ခံကူညီမှုများပေးရန် ကတိကဝတ်ပြုထားပါကြောင်း၊
- လုံခြုံရေးကောင်စီတွင် အိန္ဒိယနိုင်ငံက အမြဲတမ်းအဖွဲ့ဝင်အဖြစ် ဝင်ခွင့်ရရှိရန် အဆိုပြုထားချက်ကို မြန်မာနိုင်ငံမှ ထောက်ခံမှုပေးခြင်းအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊
- မကြာမီကာလအတွင်း မြန်မာနိုင်ငံတွင် Entrepreneurship Development Center တည်ထောင်ပေးရေးအတွက် မိမိတို့အနေဖြင့် ကတိပြုဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊

<u>မိမိဘက်မှပြောကြားချက်</u>

- မြန်မာနှင့် အိန္ဒိယနိုင်ငံတို့သည် အလွန်ခင်မင်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်ပေါင်းများစွာ အတူတကွ ချစ်ကြည်စွာယှဉ်တွဲ နေထိုင်ခဲ့ကြကြောင်း၊ ယင်းသို့သော အကူအညီများပေးအပ်ရန် ထုတ်ဖော်ပြောကြားခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ဒုတိယပိုင်း သီးခြားတွေ့ဆုံဆွေးနွေးမှုသည် ၁၂း၂၅ နာရီခန့်တွင် ပြီးဆုံးသွားပါသည်။

မှတ်တမ်းတင်သူ

( ကျော်တင် )
ညွှန်ကြားရေးမှူး
နိုင်ငံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၀၆ ခုနှစ် မတ်လ ရက်။